# ဖလသမာပတ်

ရုပ်နာမ်သင်္ခါရအလုံးစုံ ချုပ်ငြိမ်းကင်းဆိတ်သော နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေဘိသကဲ့သို့ အရိယာဖိုလ်စိတ်၏ဖြစ်ခြင်းသည် ဖလသမာပတ်။ (ဝိသုဒ္ဓိမဂ်၊ ဒု၊ ၃၄၁)

ပုထုဇဉ်သည်ပင် မိမိရပြီးသော လောကီသမာပတ်ကို ဝင်စားနိုင်၏။ အရိယာပုဂ္ဂိုလ်မှန်လျှင် မိမိ၏ဖိုလ်ကို ဝင်စားနိုင်သည်ချည်းသာ ဟု ယုံမှားသံသယမရှိ ဆုံးဖြတ်အပ်၏ ဝိသုဒ္ဓိမဂ်၌ မိန့်၏။ (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၃၄၁)

## ဝိပဿနာ (၃)မျိုး

၁။ မဂ်အလို့ငှါ သင်္ခါရတရားကို သိမ်းဆည်းသော ဝိပဿနာ

၂။ ဖိုလ်ဝင်စားခြင်းငှါ ရှုသော ဝိပဿနာ

၃။ နိရောဓသမာပတ်အလို့ငှါ ရှုသော ဝိပဿနာ ဟု သုံးမျိုးရှိ၏။

ထိုတွင် သင်္ခါရတရားတို့ကို သိမ်းဆည်းသော ဝိပဿနာသည် နုံ့သည်ဖြစ်စေ ထက်သည်ဖြစ်စေ မဂ်၏ နီးသောအကြောင်းဖြစ်သည်သာဖြစ်၏။

### နုံ့ခြင်းနှင့် ထက်ခြင်း ထူးခြားမှု

ဝိပဿနာနုံ့ လျှင် ဒန္ဓာဘိညာမဂ်ကို ပြီးစေ၏။

ထက်လျှင်ကား ခိပ္ပါဘိညာမဂ်ကို ပြီးစေ၏။

ဝုဋ္ဌာနဂါမိနီ၏ လက္ခဏာနှင့် ပြည့်စုံလျှင် ဝိပဿနာသည် မဂ်၏အကြောင်းဖြစ်သည်သာ ဖြစ်၏။ ဖလသမာပတ်အတွက် ဝိပဿနာသည် သင်္ခါရတရားတို့ကို အာရုံပြုသော်လည်း သင်္ခါရ တရားအားလုံးတို့မှ ဆုတ်နစ်သော အခြင်းအရာအားဖြင့်သာ ဖြစ်ခြင်းကြောင့်၄င်း၊ မဂ္ဂဝီထိ၌ ဖိုလ်အား ကျေးဇူးပြုသော မဂ်ကဲ့သို့ သင်္ခါရကင်းသော နိဗ္ဗာန်၌ အာရုံပြုလျက် တည်သောဖိုလ်အား ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်၄င်း မဂ်ဘာဝနာနှင့် တူသည်ဖြစ်၍ ထက်သန်သော်သာ သင့်၏။

နိရောဓသမာပတ်အတွက် ဝိပဿနာသည်ကား မနုံ့ လွန်း မထက်လွန်း အလယ်အလတ်စားဖြစ်လျှင် သင့်၏။ (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၃၄၇။ ပဋိသံ၊ ဋ ၊ ၁၊ ၂၈၇)

ဤအဋ္ဌကထာတို့၌ "ဖလသမာပတ်အတွက် ဝိပဿနာသည် ထက်သန်မှ သင့်၏"ဟု ဆိုသောစကားမှာ ဖိုလ်ဝင်စားရန် အားထုတ်စပုဂ္ဂိုလ်၏ ဝိပဿနာကို ရည်ရွယ်၍ ဆိုသော စကား ဖြစ်ရာ၏။ အကြောင်းကား ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတွင် သင်္ခါရုပေက္ခာဉာဏ်၏အဖွင့်၌ အောက် ဖော်ပြပါ စကားကိုလည်း တွေ့ရသောကြောင့် ဖြစ်၏။

သင်္ခါရုပေက္ခာထက်သန်လျှင် ကိလေသာကို ပယ်စွမ်းနိုင်သော မဂ်၏ဖြစ်ပေါ်နိုင်ခြင်း ကြောင့် မဂ်၏အကြောင်းဖြစ်သော ထိုသင်္ခါရုပေက္ခာ၏ ထက်သည်အဖြစ်ကို ပြခြင်းငှါ

ဂတိ  စသော ပရိယာယ်ဝေဝုစ် (၁၀)ပုဒ်နှင့်တကွ မြဲမြံစွာပြု၍ ဥပ္ပါဒ်စသော အရင်းခံ ငါးပုဒ်တို့ကို မဂ်ဝါရ၌ ဟောအပ်ကုန်၏။

ဖိုလ်သည်ကား အားထုတ်ခြင်း ကင်းသည်အဖြစ်အားဖြင့် ငြိမ်သက်သော သဘောရှိသော ကြောင့်၄င်း ရပြီးသော မဂ်နှင့်စပ်၍ ဖြစ်ပေါ်ရခြင်းကြောင့်၄င်း နဲ့ စွာပင်ဖြစ်သော်လည်း သင်္ခါရုပေက္ခာသည် ဖိုလ်အားကျေးဇူးပြုတတ်၏ဟု ပြခြင်းငှါ ဥပ္ပါဒ်စသော အရင်းခံ ငါးပုဒ်တို့ကိုသာ ဖလသမာပတ်ဝါရ၌ ဟောအပ်ကုန်၏။ (ပဋိသံ၊ ၄၊ ၁၊ ၂၅၂)

ဖလသမာပတ်ကို ထပ်ကာထပ်ကာ အကြိမ်များစွာ ဝင်စားနိုင်သောအခါ၌ ဤပဋိသမ္ဘိဒါမဂ် အဋ္ဌကထာစကားနှင့်ညီစွာပင် သင်္ခါရုပေက္ခာဉာဏ် အလွန်မထက်သော်လည်း ဖိုလ်သို့ ရောက်သွားသည်ကို ဆုံးဖြတ်နိုင်၏။

**ဖိုလ်ဝင်စားခြင်း အကျိုး**

လောက၌ လူမင်း နတ်မင်းများသည် မိမိတို့၏ ကိုယ်ပိုင်ဖြစ်သော လူမင်းစည်းစိမ် ချမ်းသာ နတ်မင်းစည်းစိမ်ချမ်းသာတို့ကို ခံစားကုန်သကဲ့သို့ အရိယာတို့သည်လည်း မိမိ၏ကိုယ်ပိုင်ဖြစ်သော ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟူသော လောကုတ္တရာချမ်းသာကို မျက်မှောက်၌ပင် ခံစားခြင်း အကျိုးငှါ "ဤမည်သော ကာလအတွင်း၌ ဖိုလ်စိတ်သာဖြစ်စေလျက် နေမည်"ဟု ရှေးအဖို့ကပင် ပိုင်းခြားအဓိဋ္ဌာန်၍ အလိုရှိတိုင်းသောခဏ၌ ဖလသမာပတ်ကို ဝင်စားကုန်၏။

ဖိုလ်ဝင်စားခိုက်၌ ဖြစ်ခြင်း ပျက်ခြင်းနှင့် မတည်တံ့သော သင်္ခါရဒုက္ခမှန်သမျှမှ ကင်းဆိတ်ရာသို့ ရောက်လျက် ငြိမ်းချမ်းစွာ နေရခြင်းအကျိုးရှိ၏။

ထိုပြင် မဂ်ဖိုလ်သို့ ရောက်ပြီးခါစ ပုဂ္ဂိုလ်မှာ ဖိုလ်သို့ အကြိမ်ကြိမ်ရောက်ခြင်း ဖိုလ်၌ ကြာမြင့်စွာ တည်ခြင်းတို့ဖြင့် ဆရာသမားနှင့် သီတင်းသုံးဘော်တို့အား စိတ်ချရစေခြင်း အကျိုးရှိ၏။

ဖလသမာပတ်သို့ ရောက်ခြင်း

ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော သင်္ခါရ နိမိတ်အာရုံတို့ကို ရှုနေစဉ်မှာပင် ထိုသင်္ခါရနိမိတ်အာရုံအားလုံးကို စွန့်လွှတ်ပြီး သင်္ခါရနိမိတ် ကင်းဆိတ်လျက် ငြိမ်သက် အေးငြိမ်းသော နိဗ္ဗာန်ဓာတ်သို့ စိတ်ရောက်သွားသောအခါ၌ ဖလသမာပတ်သို့ ရောက်၏။

မဟာဝေဒလ္လသုတ်( မ ၊ ၁ ၊ ၃၇၀-၁)

**ဖလသမာပတ္တိဝီထိ**

၁။ သောတာပတ္တိ ဖလသမာပတ္တိဝီထိ

၂။ သကဒါဂါမိ ဖလသမာပတ္တိဝီထိ

၃။ အနာဂါမိ ဖလသမာပတ္တိဝီထိ

၄။ အရဟတ္တ ဖလသမာပတ္တိဝီထိ

**တိက္ခပညာပုဂ္ဂိုလ်၏ သောတာပတ္တိဖလသမာပတ္တိဝီထိ**

န.ဒ.မ.န.န.န. (သော) ဖိုလ်. ဖိုလ်. (အကြိမ်များစွာ). ဘ.ဘ.

**မနုဿပညာပုဂ္ဂိုလ်၏ သောတာပတ္တိဖလသမာပတ္တိဝီထိ**

န.ဒ.မ.န.န.န.န.(သော) ဖိုလ်. ဖိုလ်. (အကြိမ်များစွာ). ဘ.ဘ.

**မှတ်ချက်။** ။ ဖလသမာပတ္တိဝီထိ၌ ဥပစာရသမာဓိဇောတို့ကို အနုလုံနာမည်ဖြင့် ချရမည်။

တိက္ခပညာပုဂ္ဂိုလ်၌ အနုလုံ သုံးကြိမ်သာ ချရမည်။

ဖိုလ်အကြိမ်များစွာ ချရမည်။

အောက်ဖလသမာပတ္တိဝီထိသုံးမျိုးတို့၌ ဝီထိစိတ်တို့အရ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်(၄)၊ အောက်ဖိုလ် (၃)တို့ကို ကောက်ရမည်။

အရဟတ္တဖလသမာပတ္တိဝီထိ၌ ဝီထိစိတ်တို့အရ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာဉာဏသမ္ပယုတ် (၄)၊ အရဟတ္တဖိုလ်တို့ကို ကောက်ရမည်။

မနောဒွါရာဝဇ္ဇန်းနှင့် အနုလုံတို့သည် တေဘူမကသင်္ခါရတရားတို့ကို အာရုံပြုကြ၏။ ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို အာရုံပြုကြ၏။

သောတာပတ္တိဖလသမာပတ္တိ၊ သကဒါဂါမိဖလသမာပတ္တိဝီထိတို့သည် ကာမသုဂတိ (၇)ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ(၁၀)ဘုံ၊ အရူပ (၄)ဘုံတို့၌ ဖြစ်ကြ၏။

အနာဂါမိဖလသမာပတ္တိ၊ အရဟတ္တဖလသမာပတ္တိဝီထိတို့သည် ကာမသုဂတိ (၇)ဘုံ၊ အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ၊ အရူပ (၄)ဘုံတို့၌ ဖြစ်ကြ၏။